# ရခိုင်ပြည်နယ် မြောက်ပိုင်း အခြေအနေများနှင့် ပက်သက်ပြီး တော်လှန်ရေး အင်အားစုများနှင့် အရပ်ဘက် အဖွဲ့အစည်း ၁၉၅ ဖွဲ့၏ သဘောထား ပူးတွဲ ထုတ်ပြန်ချက်။

မေလ ၂၂ရက်၊ ၂၀၂၄ ခုနှစ်။

## ရခိုင်ဒေသနှင့် တနိုင်ငံလုံးမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအနေဖြင့် အဖိနှိပ်ခံ ရိုဟင်ဂျာလူမျိုးစု၏ အသက်အိုးအိမ်စည်းစိမ်များ၊ ပုံရိပ်များအား နိုင်ငံရေး စစ်ရေးလိုအပ်ချက်အတွက် အသုံးချနေခြင်းအား ချက်ချင်း ရပ်တန့်ရန်တောင်းဆိုခြင်း။

အကြမ်းဖက် စစ်အုပ်စုအနေဖြင့် ရိုဟင်ဂျာလူမျိုးစုအား ဖိနှိပ်ညှင်းပန်းနှိပ်စက် သတ်ဖြတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးတုံး သတ်ဖြတ်မှုများကို အစဉ်တစိုက် ကျူးလွန်ခဲ့ပြီး လက်ရှိတွင်လည်း မတရား စစ်မှု မထမ်းမနေရ အမိန့်ဖြင့် အတင်းအဓမ္မ ဖိအားပေး၍ စစ်သားများအဖြစ်၊ လူသားဒိုင်းများအဖြစ်၊ စစ်အုပ်စုကိုယ်စား အကြမ်းဖက်မှု ကျူးလွန်သူများ အဖြစ် အသုံးပြုနေသည်။[1]

သိသာထင်ရှားသည့် သက်သေအနေဖြင့် ယခုနှစ် မတ်လအတွင်း ရခိုင်ဒေသ၊ ရသေ့တောင်မြို့နယ်၊ အငူမော်တွင် အာရက္ခတပ်တော် (AA) နှင့် အကြမ်းဖက် စစ်အုပ်စုတို့အကြား တိုက်ပွဲတွင် စစ်အုပ်စုက အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ရိုဟင်ဂျာ ၁၀၀ နီးပါး အစုအလိုက် အပြုံလိုက် သေဆုံးခဲ့ရပါသည်။[2]

ထို့အပြင် စစ်အုပ်စု အနေဖြင့် လက်ရှိတွင်လည်း ဘူးသီးတောင်နှင့် စစ်တွေရှိ IDP- အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူများ၏ စခန်းများမှ ရိုဟင်ဂျာများကို အတင်းအကြပ် ဖိအားပေးကာ အာရက္ခ တပ်တော် (AA) ကို ဆန္ဒပြခိုင်းခြင်းများကို ပြုလုပ်နေပြီး ရိုဟင်ဂျာများအပေါ် ပြည်သူလူထု အထင်အမြင် လွဲမှားစေရန်နှင့် လူမျိုးရေး ပဋိပက္ခများ ထပ်မံ ဖြစ်ပွားစေရန် လှုံ့ဆော်နေသည်။

ယခုနှစ် ဧပြီလတွင် ရခိုင် ဒေသ ဘူးသီးတောင်မြို့ပေါ် ရှိ ရခိုင် လူမျိုးစုများ၏ နေအိမ် ၂၀၀ ကျော်ကို အကြမ်းဖက် စစ်အုပ်စုက မီးရှို့ဖျက်ဆီးရာတွင် စစ်မှုမထမ်းမနေရ အမိန့်ဖြင့် အတင်းအဓမ္မ ဖိအားပေး၍ စုဆောင်းထားသော ရိုဟင်ဂျာ များကို အသုံးပြုပြီး ရခိုင် နှင့် ရိုဟင်ဂျာ လူမျိုးစုကြား လူမျိုးရေး ပဋိပက္ခဖြစ်အောင် ရည်ရွယ်ချက်ရှိရှိဖြင့် စတင် ဖန်တီးခဲ့သည်။

---

[1] https://bur.mizzima.com/2024/02/23/16037

[2] https://www.rfa.org/burmese/news/rohingya-dead-idp-03132024124435.html

ယခုကဲ့သို့ လူမျိုးရေး ပဋိပက္ခဖြစ်အောင် စစ်အုပ်စုက လုပ်ဆောင်နေခြင်း အပြင် ရွေးချယ်ခွင့်မရသော ရိုဟင်ဂျာလူထု၏ အခြေအနေနှင့် နှစ်များစွာ ဖိနှိပ် ပိတ်လှောင်ခံရမှုကြောင့် အကြမ်းဖက်စစ်အုပ်စု ပုံဖော်ချင်သည့်ပုံစံများ အကြား ကြုံတွေ့နေရသည့် အခြားလူမျိုးစုများနှင့် မတူသော အကျပ်အတည်းများကို  တော်လှန်ရေး အင်အားစုများနှင့် ပြည်သူလူထု အနေဖြင့် အထူး သတိထားပြီး နားလည်သိရှိထားရန် လိုအပ်ပါသည်။

ယခုအခြေအနေတွင် အဖွဲ့အစည်းများ၊ မီဒီယာများနှင့် လူပုဂ္ဂိုလ်များအနေဖြင့် ရိုဟင်ဂျာအားလုံးကို စစ်အုပ်စုနှင့် ပူးပေါင်းနေသည့် ပုံစံမျိုး ပုံဖော်မှုများ ရှိနေသည့်အပြင် "ဘင်္ဂါလီ အကြမ်းဖက်များ"၊ "မွတ်စ်လင်မ် အကြမ်းဖက်သမား" စသော အမုန်းစကားပါသည့် ဝေါဟာရများကို တွင်တွင်သုံးနေကြသည်ကိုလည်း တွေ့ရှိနေရပါသည်။ အဆိုပါအခြေအနေသည် လူမျိုးတစုလုံးနှင့် ၎င်းတို့ ကိုးကွယ်ယုံကြည်သည့် ဘာသာတရား တခုလုံးကို သိမ်းကျုံးစွပ်စွဲမှုများသည် လူမျိုးရေး ဘာသာရေး ပဋိပက္ခများ၊ လူထုကြား အမုန်းတရား ကြီးမားလာစေရန် တွန်းပို့နေခြင်းများဖြစ်သည်။

တခြားသော လူမျိုးစုများနည်းတူ ရိုဟင်ဂျာ လူမျိုးစု အတွင်းတွင်လည်း အကြမ်းဖက် မြန်မာ စစ်အုပ်စုနှင့် ကိုယ်ကျိုးစီးပွားအတွက် ပူးပေါင်းသောသူများ ရှိနေသော်လည်း တချိန်တည်းတွင် စစ်အာဏာရှင်ကို ဆန့်ကျင်နေသော ရိုဟင်ဂျာများ မြောက်များစွာ ရှိနေသည့်အချက်ကို အထူးသတိပြုရမည် ဖြစ်သည်။

လက်ရှိတွင် အကြမ်းဖက် စစ်အုပ်စုနှင့် ပူးပေါင်းနေသည့် ရိုဟင်ဂျာ လက်နက်ကိုင်အုပ်စုများဖြစ်သော Arakan Rohingya Salvation Army (ARSA), Arakan Rohingya Army (ARA)နှင့် Rohingya Solidarity Organization (RSO) တို့သည် ရိုဟင်ဂျာ လူမျိုးစု ပြည်သူ တဦးချင်းစီကို လုံးဝ ကိုယ်စားမပြုကြောင်း မိမိတို့ အားလုံး အနေဖြင့်နားလည်သိရှိပြီး အသေအချာ ခွဲခြားမြင်ရန် အထူးလိုအပ်ပါသည်။

အကြမ်းဖက် စစ်အုပ်စုနှင့် ပူးပေါင်းပြီး ပြည်သူလူထုကို အဓမ္မ အနိုင်ကျင့်သည့် ရိုဟင်ဂျာ လက်နက်ကိုင် အပါအဝင် မည့်သည့် လူမျိုးစု လက်နက်ကိုင် အုပ်စုကို မဆို မိမိတို့အနေဖြင့် လုံးဝ ရှုံ့ချ ဆန့်ကျင် ကန့်ကွက်ပါသည်။

အကြမ်းဖက် စစ်အုပ်စုနှင့်ပူးပေါင်းနေသည့် ARSA အလားတူ အခြားလူမျိုးစု လက်နက်ကိုင်များရှိနေပြီး ၎င်းတို့အနေဖြင့် သက်ဆိုင်ရာ လူမျိုးစုများကို ကိုယ်စားပြုသယောင် ပြောဆိုနေသည်လည်း မိမိတို့အနေဖြင့်ကောင်းစွာ သိရှိနားလည်ထားပါသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၇ရက်နေ့ ကတည်းက ရိုဟင်ဂျာလူမျိုးစု အသိုင်းအဝိုင်းနှင့် အဖွဲ့အစည်းများအနေဖြင့် ARSA သည် ရိုဟင်ဂျာလူမျိုးစုကို မည်သို့မျှ ကိုယ်စားမပြုကြောင်း အတိအလင်း သဘောထား ထုတ်ပြန်ချက် ကြေငြာခဲ့ပြီးဖြစ်သည်။[3]

[3] https://www.rohingyatoday.com/en/joint-statement-rohingya-denounces-arsa

လူမှုသဟဇာတ ဖြစ်ရေး အပါအဝင် ဒေသလူထုအတွက် တာဝန်ယူ၊ တာဝန်ခံသည့် အခြေအနေမျိုးကို အာရက္ခ တပ်တော် (AA) အနေဖြင့် တာဝန်ယူဆောင်ရွက်ပေးရန် တိုက်တွန်းပါသည်။ ဂျီနီဗာကွန်ဗန်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားသည့်ဥပဒေ (IHL) တို့ကို လိုက်နာပြီး ပြည်သူများ နေထိုင်ရာ နေရာများတွင် တိုက်ပွဲ မဖော်ဆောင်ရန်နှင့် ရိုဟင်ဂျာရွာများမှ ရွာသူ၊ ရွာသားများကို အတင်းအဓမ္မ ပြောင်းရွှေ့ခိုင်းခြင်းများ မပြုလုပ်ရန်လည်း လိုအပ်ပါသည်။

အရပ်သားများကို အကာအကွယ်ပေးရမည့် တာဝန်သည် စစ်ပွဲအတွင်း အထူး လိုက်နာရမည့် (နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဓလေ့ထုံးတမ်းဥပဒေ) ကျင့်ဝတ်၊ တာဝန်ဖြစ်ပြီး အာရက္ခ တပ်တော် (AA) အနေဖြင့် ဒေသတွင်း မှီတင်းနေထိုင်သော ရခိုင်လူမျိုးစု ၊ ရိုဟင်ဂျာလူမျိုးစု အပြင် အခြားသော လူမျိုးစုနှင့် ဘာသာဝင်များကိုလည်း စစ်ပွဲအတွင်း ပစ်မှတ်မထားရန်နှင့် လွတ်လပ်သော နိုင်ငံတကာ သတင်းမီဒီယာများနှင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အကူအညီများဝင်ခွင့်ပေးရန် အာရက္ခ တပ်တော် (AA) အား အထူးတိုက်တွန်း တောင်းဆိုလိုက်သည်။

အခြားတဖက်တွင် အာရက္ခ တပ်တော် (AA) က ရိုဟင်ဂျာ လူမျိုးစုများကို ဥပဒေမဲ့ သတ်ဖြတ်ခြင်း၊ ဖမ်းဆီးခြင်းများ မပြုလုပ်ပါဟု ထုတ်ပြန်ထားသော်လည်း လက်ရှိ မြေပြင်တွင် တပ်တော် လက်အောက်ခံ စစ်သားများက ကျူးလွန်နေသည်ဟု စွပ်စွဲခံထားရသော ကိစ္စရပ်များရှိနေသည်။ ဧပြီလ နှင့် မေလတွင် ဘူးသီးတောင်မြို့ရှိ သံကျောက်ခဲရွာ၊ ရွက်ညိုတောင်ရွာ နှင့် မြောက်ပိုင်း မောင်တောမြို့ရှိ သရက်အုတ်ရွာ စသည့်နေရာများတွင် ရွာအလိုက် အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံထားရခြင်းများ၊[4] ဖမ်းဆီးခေါ်ဆောင်ခံရပြီး လူမသိ၊ သူမသိ သတ်ဖြတ်ခံခဲ့ရသော ရိုဟင်ဂျာများနှင့် မတရား ဖမ်းဆီးခေါ်ဆောင်နေမှုများ ရှိနေသည်ဟု ထုတ်ပြန်ထားသော သတင်းများအရ သိရှိရသည်။[5]

သတင်းမီဒီယာများနှင့် မျက်မြင် သက်သေများ၏ ထွက်ဆိုချက်များအရ ဘူးသီးတောင်မြို့၏ နေရာအများစုကို အာရက္ခ တပ်တော် (AA) က ထိန်းချုပ်ထားပြီးနောက် မေလ ၁၇ရက် ညအချိန် ၁၀နာရီခန့်တွင် ရိုဟင်ဂျာ အရပ်သား အများစု နေထိုင်သည့် ဘူးသီးတောင်မြို့ပေါ် ရှိ နေအိမ်များအား AA မှ မီးရှို့ဖျက်ဆီးခဲ့သည်။ ဤဖြစ်စဉ်သည် စစ်ရာဇဝတ်မှုအပြင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု တစ်ခုဖြစ်ပါသည်။[6]

အဆိုပါကိစ္စရပ်များအား အာရက္ခ တပ်တော် (AA) အနေဖြင့် လွပ်လပ်သော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးရန်နှင့် ကျူးလွန်မှုများ အမှန်တကယ် ရှိနေပါက ကျူးလွန်သူများအား အပြစ်ပေး အရေးယူရန် ယခု ပူးတွဲ ထုတ်ပြန် လက်မှတ် ရေးထိုးထားသော မိမိတို့တော်လှန်ရေး အင်အားစုများနှင့် အရပ်ဘက် အဖွဲ့အစည်းများအနေဖြင့် အထူးအလေးအနက် တောင်းဆိုလိုက်သည်။

[4] https://www.facebook.com/share/p/uPvJHkVwnsDPjYJB/?mibextid=qi2Omg
[5] https://www.rfa.org/burmese/news/sac-aa-rohingya-04272024134102.html
[6] https://www.bbc.com/burmese/articles/cyx65d257rvo

အကြမ်းဖက် စစ်အုပ်စုနှင့် အာရက္ခ တပ်တော် (AA) တို့ကြား ပြင်းထန်နေသော တိုက်ပွဲများအတွင်း ရခိုင်ဒေသ ရှိ ပြည်သူများ အားလုံး၏ လုံခြုံရေးကို အထူး စိုးရိမ်မိပါသည်။

အကာအကွယ် မဲ့နေသော အဖိနှိပ်ခံ အသုံးချခံ ရိုဟင်ဂျာ လူမျိုးစု အပေါ် နောက်တကြိမ် ဂျီနိုဆိုက်လူမျိုးတုံး သတ်ဖြတ်မှုများ ထပ်မံမဖြစ်လာစေရန် မြန်မာနိုင်ငံရှိ တော်လှန်ရေး နိုင်ငံရေး အင်အားစုများ၊ အရပ်ဘက် အဖွဲ့အစည်းများအပြင် ပြည်သူလူထု တစ်ဦးချင်းစီအနေဖြင့်လည်း အရပ်သား ကာကွယ်ရေး၊ လူ့ ဂုဏ်သိက္ခာ ကာကွယ်ရေး အခြေခံအပေါ် ရပ်တည်ဖို့ အထူး အရေးကြီးသည်။ ဒေသတွင်းတာဝန်ရှိသည့် အာရက္ခ တပ်တော် (AA) သည်လည်း ရခိုင်ဒေသ အတွင်း မှီတင်းနေထိုင်နေကြသော ပြည်သူလူထုများ အားလုံးကို ကာကွယ်ပေးရန် အထူးတာဝန်ရှိနေသည်။

အာရက္ခ တပ်တော် (AA) ခေါင်းဆောင်များနှင့် ရိုဟင်ဂျာ ခေါင်းဆောင်များလည်း အမြန်ဆုံး တွေ့ဆုံဆွေးနွေး တိုင်ပင်မှုများ ပြုလုပ်ကြပါရန်လည်း မိမိတို့ အားလုံး အနေဖြင့် အထူး တိုက်တွန်း တောင်းဆိုလိုက်သည်။ မိမိတို့အနေဖြင့် အထက်ပါစိုးရိမ်ချက်များအား အပြုသဘောထောက်ပြခြင်းဖြစ်ပြီး အနာဂတ် အာရက္ခ၏ လူမျိုးစုံ၊ ဘာသာစုံ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် ရေရှည်တည်ငြိမ်မှုကို အထောက်အကူပြုမည့် လုပ်ငန်းစဉ်များအား အားဖြည့်သွားမည် ဖြစ်သည်။ အာရက္ခဒေသ တခုလုံးတွင် မှီတင်းနေထိုင်ကြသည့် လူထုတရပ်လုံး လွတ်မြောက်ရေးကို မျှော်မှန်းသည့် တော်လှန်ရေးအားလည်း မိမိတို့အနေဖြင့် ဆက်လက်ဝန်းရံ ထောက်ခံသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

## ဆက်သွယ်ရန်

စစ်သူကြီး မူလန် , သွေးစွန်းငွေ ဖြတ်တောက်ရေး လှုပ်ရှားမှု, info@bmcmyanmar.com
နော်အောင် , မြန်မာ့ ဒီမိုကရေစီ ကာကွယ်မြှင့်တင်ရေး လှုပ်ရှားမှု , communication@defendmyanmardemocracy.org
ခင်ဥမ္မာ, ရှေ့ပြေးအသံ အဖွဲ့, info@progressive-voice.org

မှတ်ချက်။ ဖော်ပြပါ ပူးတွဲ ထုတ်ပြန်ကြေငြာချက်တွင် ပါဝင်သော အဖွဲ့အစည်းပေါင်း ၁၉၅ ဖွဲ့တွင် ၅၉ ဖွဲ့သည် ပြည်တွင်း လုံခြုံရေး အခြေအနေကြောင့် အမည် ဖော်ပြခြင်း မပြုပါ။

1. Action Committee for Democracy Development (ACDD)
2. Ah Nah podcast - Conversations with Myanmar
3. All Young Burmese League, Australia
4. Alliance for Democracy in Myanmar (ADM)
5. Alliance of Students' Unions – Yangon (ASU-Yangon)
6. Anti Dictatorship in Burma - DC Metropolitan Area.
7. Anti-Junta Mass Movement (AJMM)
8. Arakan Youth Peace Network

9. Athan – Freedom of Expression Activist Organization
10. ATN Ayarwaddy Youth Network
11. Aung San Su Kyi Park, Norway
12. Ayeyarwaddy West Development Organisation (AWDO), Magway
13. Ayeyarwaddy West Development Organisation (AWDO), Ngaphe
14. Bago Regional Support Team
15. Blood Money Campaign (BMC)
16. Burma Civil War Museum
17. Burma Human Rights Network (BHRN)
18. Burma Support
19. Burmese Women's Union (BWU)
20. CAN-Myanmar
21. Chin Community in Norway
22. CRPH & NUG supporters Ireland
23. CRPH Funding Ireland
24. CRPH Support Group, Norway
25. CRPH, NUG Support Team Germany-Deutschland
26. Defend Myanmar Democracy (DMD)
27. Democracy Peace and Women Organization
28. Democratic Movement Strike Committee (Dawei)
29. Democratic Party for a New Society, Norway
30. Democratic Youth Council (DYC)
31. Doh Atu - Ensemble pour le Myanmar
32. Doh Ayay
33. Educational Initiatives
34. Equality Myanmar
35. Former ABSDF
36. Free Rohingya Coalition (FRC)
37. General Strike Committee (GSC)
38. General Strike Committee of Nationalities (GSCN)
39. Generation Wave
40. Global Myanmar Spring Revolution (GMSR - Japan)
41. Global Myanmar Spring Revolution (GMSR)
42. Historical Carriers Group
43. Human Rights Foundation of Monland
44. Inlighten Peninsula Tenasserim - IPT
45. International Society of Myanmar Scholars and Professionals
46. Justice for Myanmar

47. Kachin Association Norway
48. Karen Women’s Organization
49. Karenni Association - Norway
50. K'cho Ethnic Association
51. Keng Tung Youth
52. Knowledge Hub Myanmar
53. Kyae Lak Myay
54. Kyauktada Strike Committee
55. LASHIO UlC
56. Legal Aid For Human Rights
57. MAGGA Initiative
58. MATA စစ်ကိုင်းတိုင်း
59. Matu Burma Foundation
60. MilkTeaAlliance Calendar Team
61. Min Hla farmers Group
62. Minbu farmers Group
63. Minority Affairs Institute (MAI Myanmar)
64. Mon Association - Norway
65. Mother's Embrace Foundation
66. Muslim of Myanmar Multi-Ethnic Consultative Committee (MMMCC)
67. Myanmar Baptist Churches in Norway
68. Myanmar Catholic Community In Norway
69. Myanmar Community Austria
70. Myanmar Community in Norway
71. Myanmar Cultural Research Society (MCRS)
72. Myanmar Freedom of Religion or Belief Network
73. Myanmar Hindu Community - Norway
74. Myanmar Muslim Organization - Norway
75. Myanmar Muslim Revolution Force
76. Myanmar Tourism Committee
77. MyaYar Knowledge Tree
78. Network for Human Rights Documentation - Burma (ND-Burma)
79. New Power Generation
80. New Rehmonnya Federated Force -NRFF
81. New Step
82. NLD Organization Committee (International) Norway
83. Norway Falam Community

84. Norway Matu Community
85. Norway Rawang Community
86. Nyan Lynn Thit Analytica
87. Olive Organization
88. People Defense and Supporting Force
89. Politics for Women Myanmar
90. Progressive Voice
91. Pwintphyu Development Organisation
92. RAISA Rohingya Southeast Asia Network
93. Rathedaung Society for Peace and Development (RSPD)
94. Rohingya Action Ireland
95. Rohingya Community in Norway
96. Rohingya Student Network (RSN)
97. Rohingya Union for Women Education and Development (RUWED)
98. Save and Care Organization for Ethnic Women at Border Areas (SCOEWBA)
99. Save Myanmar San Francisco
100. Save Myanmar USA
101. Shan MATA
102. Sisters 2 Sisters
103. Sitt Nyein Pann Foundation
104. South Dagon`s Saturated Blood of Revolution Strike Force
105. Southern Dragon Myanmar
106. Southern Monitor
107. Southern Voice
108. Southern Youth Development Organization
109. Spring Revolution Myanmar Muslim Community (SRMMC)
110. Support Group for Democracy in Myanmar (Netherlands)
111. Ta'ang Legal Aid Foundation-TLAF
112. Ta'ang Women's Organization
113. Tamwe Nway Oo Channel
114. HTY Scout Channel
115. NOK Information & Scout Echo
116. Thaketa & Dawbon Scout Channel
117. Information & Scout News (Hlaing)
118. South Dagon Scouting Infos (SDG)
119. Kyimyindaing Scout Channel
120. Insein Scout Channel
121. North Dagon & East Dagon News

122. Youth Scout For Democracy (YSD)
123. Tanintharyi Nationalities Congress - TNC
124. Tenasserim Student’s Union Network- TSUN
125. Thint Myat Lo Thu Myar Organization
126. Union of Karenni State Youth (UKSY)
127. White Coat Society Yangon
128. Women Advocacy Coalition Myanmar (WAC-M)
129. Yangon Medical Network
130. Yangon Public Relations (YPR)
131. Youth for democratization of Myanmar (UDM)
132. Z Fighter News
133. Zomi Christian Fellowship of Norway
134. Zomi Community Norway
135. အညာလွင်ပြင်ရပ်ဝန်း
136. Women’s Peace Network (WPN)